**ငါးလုပ်ငန်းဦးစီးဌာန**
**ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ**
**ဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဌာနစု၏ လုပ်ငန်းဆောင်ရွက်မှုများ**

## ၁။ ရည်ရွယ်ချက်

ငါးလုပ်ငန်းဦးစီးဌာန၊ ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ၊ ဖွံ့ဖြိုးရေးနှင့်လေ့ကျင့်ရေး ဌာနစုသည် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ဌာနတွင်းမှ ဝန်ထမ်းများအား အရည်အချင်း ပြည့်ဝစေရန်အတွက် သင်တန်းမျိုးစုံပေးပြီး လေ့ကျင့်ပျိုးထောင်ပေးရန်၊ ငါးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် (Sustainable Fishery) ငါးလုပ်ငန်းဆိုင်ရာ အခန်းကဏ္ဍအလိုက် စီမံခန့်ခွဲမှုများအား စနစ်တကျဖြစ်စေရန်၊ ငါးလုပ်ငန်းရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ငါးသယံဇာတများ ထိန်းသိမ်းရေးအတွက် ငါးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူနိုင်ရေးအတွက်၊ ဒေသတွင်းအဖွဲ့အစည်းများ၊ စီမံကိန်းများ၊ ငါးလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ငါးလုပ်ငန်းဆိုင်ရာသတင်းအချက်အလက်များကောက်ယူခြင်း၊ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်စေရန် ငါး/ပုစွန်မွေးမြူခြင်းအတတ်ပညာများကို စနစ်တကျ တတ်မြောက်စေပြီး ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် (GAqP)နှင့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်(GMP)များ ဖြစ်လာစေရန် သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းစောင့်ရှောက်စေရန်နှင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ရေသယံဇာတများကို ထုတ်လုပ်ဆောင်ရွက်တတ်စေရန်၊ ရေလုပ်သားများနှင့် ပြည်သူလူထုအား ပညာပေးသင်တန်းများ ဖွင့်လှစ်၍ လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပါသည်။

## ၂။ ငါးလုပ်ငန်း သင်တန်းကျောင်းများ ဖွင့်လှစ်ခြင်းအကြောင်း

ငါးလုပ်ငန်းသင်တန်းကျောင်းများအား ငါးလုပ်ငန်းရေရှည်တည်တံ့ စေရေးအတွက် သဘာဝ သယံဇာတပေါကြွယ်ဝသော မြန်မာ့ပင်လယ်ရေပြင်၌ ရေလုပ်ငန်းဖြင့်အသက်မွေးဝမ်းကျောင်းလုပ် ကိုင်နေကြသော ရေလုပ်သားများအား ကမ္ဘာ့အဆင့်မှီ ခေတ်မှီနည်းစနစ်ကျသော ငါးလုပ်ငန်းဆိုင်ရာ ပညာရပ်များ တတ်မြောက်စေရေးအတွက် လေ့ကျင့်ပညာပေးရန်၊ ပညာပေးလေ့ကျင့်တတ်မြောက်မှုကြောင့် မြန်မာ့ပင်လယ် ငါး/ပုစွန်ထုတ်လုပ်မှု တိုးတက်လာစေရန်၊ ငါး/ပုစွန် ထွက်ကုန်များ အရည်အသွေး ပြည့်မီစွာ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန်၊ ရေလုပ်သားများ၏ လူနေမှုဘဝ မြှင့်တင်ပေးရန်၊ ငါး/ပုစွန်ထုတ်လုပ် မှုပမာဏနှင့် အရည်အသွေး တိုးတက်မှုကြောင့် ပြည်တွင်းစားသုံးမှု ပိုမိုဖူလုံသည့်အပြင် ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့

ရောင်းချနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးကို တဖက်တလမ်းမှအထောက်အကူ ပြုနိုင်ရန်၊ ပိုမိုစနစ်ကျသော ငါးလုပ်ငန်းကြီးကြပ် ကွပ်ကဲစီမံထိန်းသိမ်းနိုင်မှုကို သွယ်ဝိုက်သောနည်းအားဖြင့် အထောက်အကူပြုနိုင်ရန်၊ ရေလုပ်သားများ၏ လူနေမှုဘဝ မြှင့်တင်ပေးရန်၊ ငါး/ပုစွန် ထုတ်လုပ်မှု ပမာဏနှင့် အရည်အသွေး တိုးတက်လာမှုကြောင့် ပြည်တွင်းစားသုံးမှု ပိုမိုဖူလုံစေရန်အတွက် အောက်ပါ ငါးလုပ်ငန်းသင်တန်းကျောင်း (၆)ကျောင်းအား ဖွင့်လှစ်ခဲ့ပါသည် –

(က) ငါးလုပ်ငန်းသိပ္ပံ(တွံတေး), ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ(၁၂)ရက်

(ခ ) ငါးလုပ်ငန်းသင်တန်းကျောင်း(ကြို့ကုန်း)၊ ၁၉၈၃ ခုနှစ်၊ မေလ(၂၅) ရက်

(ဂ ) ငါးလုပ်ငန်းသင်တန်းကျောင်း(စစ်ကိုင်း)၊ ၂၀၀၄ ခုနှစ်၊အောက်တိုဘာလ(၁)ရက်

(ဃ ) ငါးလုပ်ငန်းသင်တန်းကျောင်း(ဖျာပုံ)၊၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ(၁၀)ရက်

(င) ငါးလုပ်ငန်းသင်တန်းကျောင်း(သထုံ)၊၂၀၁၈ ခုနှစ်၊ ဇူလိုင်လ(၉)ရက်

(စ ) ငါးလုပ်ငန်းသင်တန်းကျောင်း(ပဲခူး)၊ ၂၀၁၉ ခုနှစ်၊ ဧပြီလ(၁၀) ရက်

ငါးလုပ်ငန်းကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းတို့ကို ငါးလုပ်ငန်းသင်တန်းကျောင်းများမှတစ်ဆင့် သင်တန်းဖွင့်လှစ်ပို့ချဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၃–၂၀၂၄ခုနှစ်တွင် ငါးလုပ်ငန်းနှင့်သက်ဆိုင်သည့် သင်တန်း နှစ်ဆယ့် နှစ်မျိုးကို အောင်မြင်စွာ ဖွင့်လှစ်ပို့ချနိုင်ခဲ့ပါသည်။ အဆိုပါသင်တန်းများမှာ– အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်း၊ ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ်(GAqP) သင်တန်း၊ ပင်လယ်ငါးဖမ်းရေလုပ်သားများ အတွက်အခြေခံလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်း၊ ငါးပုစွန်ရေထွက် ပစ္စည်းများ ပြုပြင်ထုတ်လုပ်ရေးနှင့် အရည်အသွေး ထိန်းသိမ်းရေးသင်တန်း၊ ရေထွက်ပစ္စည်းများ ဘေးအန္တရာယ်ကင်းစွာထုတ်လုပ်နိုင်ရေး(အခြေခံ၊ အလတ်အလတ်)သင်တန်း၊ ငါးမျိုးစိတ်များခွဲခြား အမည်ပေးနည်းသင်တန်း၊ အခြေခံငါးဖမ်းကိရိယာနှင့် ငါးဖမ်းနည်းစနစ်များဆိုင်ရာသင်တန်း၊ အရာ ထမ်းများ စွမ်းဆောင်ရည်မြှင့် တင်ရေးသင်တန်း၊ အမှုထမ်းများစွမ်းဆောင် ရည်မြှင့်တင်ရေးသင်တန်း၊ အခြေခံအင်္ဂလိပ်စာသင်တန်း၊ အခြေခံကွန်ပြူတာသင်တန်း၊ ငါးလုပ်ငန်းဆိုင်ရာ ပညာပေးသင်တန်း၊ ရေလုပ်သားများအသိပညာပေးဟောပြောပွဲ၊ ငါးသံဇာတထိန်းသိမ်းရေးသင်တန်း၊ မြစ်မ်းရောင်စီမံကိန်း (ငါးကဏ္ဍ)သင်တန်း၊ အစားအစာများဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် စစ်ဆေးရေးစည်း မျဉ်းစည်းကမ်းများဆိုင်ရာသင်တန်း၊ ငါးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့် ငါးသယံ ဇာတထိန်းသိမ်းရေး ဆိုင်ရာသင်တန်း၊ အယ်နီညီုရာသီဥတုနှင့်ပတ်သက်၍ ပညာပေးဟောပြောပွဲ၊ အစားအသောက်များ ပြုပြင်ထုတ်လုပ်ရာတွင် လိုက်နာရမည့်စနစ်များနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲ၊ လိပ်မျိုးထိန်းသိမ်းရေးအသိပညာပေး ဟောပြောပွဲ၊ ငါးပုစွန်သားဖောက်ခြင်း နှင့် အသားတိုး မွေးမြူခြင်းနည်း

ပညာစီမံခန့်ခွဲမှုဆိုင်ရာ ဆရာဖြစ်သင်တန်း၊ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ဒီပလိုမာ(၃)နှစ် သင်တန်း(ပထမနှစ်နှင့်ဒုတိနှစ်)သင်တန်းများ၊ စုစုပေါင်းသင်တန်း အကြိမ်(၃၆၃)ကြိမ်၊ သင်တန်းသား စုစုပေါင်း(၁၀၄၉၂)ဦးတို့ကို အောင်မြင်စွာ ဖွင့်လှစ်ပို့ချနိုင်ခဲ့ပါသည်။

ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးနှင့်လေ့ကျင့်ရေးဌာနစုသည် ငါးလုပ်ငန်းသင်တန်းကျောင်းများတွင် (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်၌ အောက်ပါသင်တန်းများကို ဖွင့်လှစ်ပို့ချသွားရန် အစီအစဉ်များ ချမှတ်ထားရှိပါသည် -

- အရာထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း
- အမှုထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း
- အခြေခံငါးမွေးမြူရေးနှင့်ငါးဆေးထိုး သားဖောက်သင်တန်း
- ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP)သင်တန်း
- ပင်လယ်ငါးဖမ်းရေလုပ်သားများ အတွက်အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း
- ငါးမျိုးစိတ်များ ခွဲခြားအမည်ပေးနည်း
- အခြေခံငါးဖမ်းကိရိယာနှင့်ငါးဖမ်းနည်း စနစ်များဆိုင်ရာသင်တန်း
- VMS Software ကိုအသုံးပြု၍ ငါးဖမ်းရေယာဉ်များ စောင့်ကြည့်ထိန်းချုပ်ရေး အဆင့်မြင့်သင်တန်း
- ရေနေသတ္တဝါများကျန်းမာရေးနှင့် ရောဂါထိန်းချုပ်ရေးသင်တန်း
- တည်နေရာဆိုင်ရာ သတင်းအချက်အလက် (GIS/RS) အသုံးပြုနည်းသင်တန်း
- eACDS အသုံးပြုခြင်းဆိုင်ရာ သင်တန်း
- ငါးပုစွန်ရေထွက်ပစ္စည်းများပြုပြင်ထုတ်လုပ်ရေးနှင့်အရည်အသွေးထိန်းသိမ်းရေးသင်တန်း၊
- ငါးသယံဇာတ ထိန်းသိမ်းရေးသင်တန်း
- ငါးလုပ်ငန်းဆိုင်ရာဥပဒေနှင့် နည်းဥပဒေသင်တန်း
- အခြေခံအင်္ဂလိပ်စာသင်တန်း
- အခြေခံကွန်ပြူတာသင်တန်း
- မြစိမ်းရောင်စီမံကိန်း(ငါးကဏ္ဍ)သင်တန်း

## (၂၀၂၃-၂၀၂၄) ဘဏ္ဍာနှစ်အတွင်း ဖွင့်လှစ်ပို့ချခဲ့သည့် သင်တန်းများ

| စဉ် | သင်တန်းအမျိုးအစား | ၂၀၂၃-၂၀၂၄ | | မှတ်ချက် |
|---|---|---|---|---|
| | | ကြိမ် | ဦးရေ | |
| ၁ | အခြေခံငါးမွေးမြူရေးနှင့်ငါးဆေးထိုးသားဖောက်သင်တန်း | ၁၂၃ | ၃၃၉၂ | - ကောင်စီ၊ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ မကွေး၊ တနင်္သာရီ)<br>- ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရခိုင်၊ ရှမ်း၊<br>- သင်တန်းကျောင်း(စစ်ကိုင်း၊ ဖျာပုံ၊ သထုံ၊ ပဲခူး) |
| ၂ | ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP)သင်တန်း | ၁၀၇ | ၂၈၄၆ | - ကောင်စီ၊ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ တနင်္သာရီ၊<br>- ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရခိုင်၊ရှမ်း၊<br>- သင်တန်းကျောင်း(စစ်ကိုင်း၊ ဖျာပုံ၊ သထုံ၊ ပဲခူး) |
| ၃ | ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက်အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း | ၃၄ | ၁၀၄၇ | - ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီ၊ မွန်၊ ရခိုင်<br>- သင်တန်းကျောင်း(ကြို့ကုန်း၊ ဖျာပုံ) |
| ၄ | ငါး/ပုစွန်ရေထွက်ပစ္စည်းများပြုပြင်ထုတ်လုပ်ခြင်းနှင့်အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာသင်တန်း | ၆ | ၁၅၆ | - စစ်ကိုင်း<br>- သင်တန်းကျောင်း(ကြို့ကုန်း၊စစ်ကိုင်း၊ ပဲခူး) |
| ၅ | ရေထွက်ပစ္စည်းများဘေးအန္တရာယ်ကင်းစွာထုတ်လုပ်နိုင်ရေး( အခြေခံ၊ အလတ်အလတ်) သင်တန်း | ၃ | ၁၈၀ | - ပဲခူး<br>- သင်တန်းကျောင်း(ပဲခူး) |
| ၆ | ငါးမျိုးစိတ်များ ခွဲခြားအမည်ပေးနည်းသင်တန်း | ၂ | ၇၇ | - သင်တန်းကျောင်း(ကြို့ကုန်း၊ ပဲခူး) |
| ၇ | အခြေခံငါးဖမ်းကိရိယာနှင့်ငါးဖမ်းနည်းစနစ်များဆိုင်ရာသင်တန်း | ၁ | ၃၈ | - သင်တန်းကျောင်း(ကြို့ကုန်း) |
| ၈ | အရာထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း | ၂ | ၅၆ | - နေပြည်တော်ရုံးချုပ် |
| ၉ | အမှုထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း | ၈ | ၁၆၄ | - မန္တလေး၊ စစ်ကိုင်း၊ တနင်္သာရီ၊ မွန်၊ ရှမ်း<br>- သင်တန်းကျောင်း(စစ်ကိုင်း၊ ဖျာပုံ၊ ပဲခူး) |
| ၁၀ | အခြေခံအင်္ဂလိပ်စာသင်တန်း | ၃ | ၂၈၃ | - ရုံးချုပ် |

| စဉ် | သင်တန်းအမျိုးအစား | ၂၀၂၃-၂၀၂၄ | | မှတ်ချက် |
|---|---|---|---|---|
| | | ကြိမ် | ဦးရေ | |
| | | | | - သင်တန်းကျောင်း(ကြို့ကုန်း၊ စစ်ကိုင်း) |
| ၁၁ | အခြေခံကွန်ပြူတာသင်တန်း | ၃ | ၅၉ | - မန္တလေး<br>- သင်တန်းကျောင်း(ကြို့ကုန်း၊ စစ်ကိုင်း) |
| ၁၂ | ငါးလုပ်ငန်းဆိုင်ရာပညာပေးသင်တန်း | ၁ | ၂၀ | - စစ်ကိုင်း |
| ၁၃ | ရေလုပ်သားများအသိပညာပေး သင်တန်း | ၂၁ | ၅၅၂ | - တနင်္သာရီ |
| ၁၄ | ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးသင်တန်း | ၃၆ | ၁၂၁၈ | - စစ်ကိုင်း၊ တနင်္သာရီ၊ ဧရာဝတီ<br>- သင်တန်းကျောင်း(စစ်ကိုင်း၊ ဖျာပုံ) |
| ၁၅ | မြစိမ်းရောင်(ငါးကဏ္ဍ)ဖွံ့ဖြိုးတိုးတက် ရေးဆွေးနွေးပွဲနှင့်သင်တန်း | ၁ | ၃၃ | - သင်တန်းကျောင်း(ပဲခူး) |
| ၁၆ | အစားအစာများ ဘေးအန္တရာယ် ကင်း ရှင်းစေရေးအတွက်စစ်ဆေးရေးစည်း မျဉ်းစည်းကမ်းများဆိုင်ရာသင်တန်း | ၁ | ၂၇ | - သင်တန်းကျောင်း(ကြို့ကုန်း) |
| ၁၇ | ငါးလုပ်ငန်းဆိုင်ရာဥပဒေနှင့်ငါးသယံ ဇာတထိန်းသိမ်းရေးဆိုင်ရာသင်တန်း | ၂ | ၅၁ | - ပဲခူး၊ ကချင် |
| ၁၈ | အယ်နီညိုနှင့်ပတ်သက်၍ပညာ ပေးဟောပြောပွဲ | ၁ | ၂၅ | - ကယား |
| ၁၉ | အစားအသောက်များပြုပြင်ထုတ် လုပ်ရာတွင်လိုက်နာရမည့်စနစ်များ နှင့်ပတ်သက်သည့်အသိပညာပေး ဟောပြောပွဲ | ၁ | ၃၉ | - ကချင် |
| ၂၀ | လိပ်မျိုးထိန်းသိမ်းရေးအသိပညာပေး ဟောပြောပွဲ | ၄ | ၁၁၀ | - တနင်္သာရီ |
| ၂၁ | ငါးပုစွန်သားဖောက်ခြင်းနှင့်အသားတိုး မွေးမြူခြင်းနည်းပညာစီမံခန့်ခွဲမှုဆိုင်ရာ ဆရာဖြစ်သင်တန်း | ၁ | ၄ | - သင်တန်းကျောင်း(ကြို့ကုန်း) |
| ၂၂ | ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ဒီပလိုမာ(၃)နှစ်သင်တန်း(ပထမနှစ် နှင့် ဒုတိနှစ်) | ၂ | ၁၁၆ | - ငါးသိပ္ပံ(တွံတေး) |
| | စုစုပေါင်း | ၃၆၃ | ၁၀၄၉၂ | |

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဖွင့်လှစ်ခဲ့သည့် သင်တန်းမှတ်တမ်းဓါတ်ပုံများ

### ၁။ ငါးလုပ်ငန်းသင်တန်းကျောင်း(ကြို့ကုန်း)တွင် ဖွင့်လှစ်ခဲ့သည့် သင်တန်းမှတ်တမ်းဓါတ်ပုံများ






ပင်လယ်ငါးဖမ်းရေလုပ်သားများ အတွက်အခြေခံလုပ်ငန်းခွင်ကျွမ်း ကျင်မှုသင်တန်းမှတ်တမ်း






ငါးမျိုးစိတ်များ ခွဲခြားအမည်ပေးနည်း သင်တန်းမှတ်တမ်း







အခြေခံငါးဖမ်းကိရိယာနှင့်ငါးဖမ်းနည်းစနစ်များဆိုင်ရာသင်တန်းမှတ်တမ်း

## ၂။ ငါးလုပ်ငန်းသင်တန်းကျောင်း(စစ်ကိုင်း)တွင်ဖွင့်လှစ်ခဲ့သည့်သင်တန်းမှတ်တမ်းဓါတ်ပုံများ




အခြေခံကွန်ပြူတာသင်တန်းမှတ်တမ်း




အခြေခံအင်္ဂလိပ်စာသင်တန်းမှတ်တမ်း





ငါး/ပုစွန်ရေထွက်ပစ္စည်းများပြုပြင်ထုတ်လုပ်ခြင်းနှင့်အရည်အသွေးထိန်းသိမ်းခြင်းသင်တန်း

## ၃။ ငါးလုပ်ငန်းသင်တန်းကျောင်း(ဖျာပုံ)တွင်ဖွင့်လှစ်ခဲ့သည့်သင်တန်းမှတ်တမ်းဓါတ်ပုံများ





ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးသင်တန်း





ငါးရောဂါထိန်းချုပ်ရေးနှင့်





ကောင်းမွန်သောရေသတ္တဝါမွေးမြူ ရေးကျင့်စဉ်(GAqP)သင်တန်း

## ၄။ ငါးလုပ်ငန်းသင်တန်းကျောင်း(သထုံ)တွင်ဖွင့်လှစ်ခဲ့သည့်သင်တန်းမှတ်တမ်းဓါတ်ပုံများ





အခြေခံငါးမွေးမြူရေးနှင့်ငါးဆေးထိုး သားဖောက်သင်တန်း







အခြေခံငါးမွေးမြူရေးနှင့်ငါးဆေးထိုး သားဖောက်သင်တန်း






အခြေခံငါးမွေးမြူရေးနှင့်ငါးဆေးထိုး သားဖောက်သင်တန်း

## ၅။ ငါးလုပ်ငန်းသင်တန်းကျောင်း(ပဲခူး)တွင်ဖွင့်လှစ်ခဲ့သည့်သင်တန်းမှတ်တမ်းဓါတ်ပုံများ






အခြေခံငါးမွေးမြူရေးနှင့်ငါးဆေးထိုး သားဖောက်သင်တန်း






ငါးလုပ်ငန်းဆိုင်ရာဥပဒေနှင့်ငါးသယံ ဇာတထိန်းသိမ်းရေးဆိုင်ရာသင်တန်း





မြစိမ်းရောင်(ငါးကဏ္ဍ)ဖွံ့ဖြိုးတိုးတက် ရေးဆွေးနွေးပွဲနှင့်သင်တန်း